ဂျဟန္နမ်ငရဲသားနှစ်မျိုးရှိပေသည်။ ၎င်းတို့အား

ငါကိုယ်တော်မမြင်ဘူးပေ။ တစ်အုပ်စုမှာ

၎င်းတို့နှင့်အတူ လူတို့အား ရိုက်နှက်ရန်

နွားအမြီးနှင့်တူသောတုတ်များလည်းပါရှိသည်။ (နောက်တစ်အုပ်စုမှာ) အဝတ်အစားများဝတ်ဆင်ထားသော်လည်းအဝတ်အစားမဝတ်ထားသည့်အလား ခန္ဓာကိုယ်အစိတ်အပိုင်းများပေါ်လွင်နေသောအမျိုးသမီးများ၊ ယောက်ျားလေးများအားမြှူဆွယ်လေ့ရှိသောအမျိုးသမီးများ၊ အခြားသူများအားမိမိတို့ပြုလုပ်လေ့ရှိသည့်

မြှူဆွယ်မှုများအားပြုလုပ်လာကြရန် လှုံဆော်ပေးသည့်အမျိုးသမီးများ၊

အဗူဟူရိုင်ရဟ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏
ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။
ဂျဟန္နမ်ငရဲသားနှစ်မျိုးရှိပေသည်။ ၎င်းတို့အား ငါကိုယ်တော်မမြင်ဘူးပေ။
တစ်အုပ်စုမှာ ၎င်းတို့နှင့်အတူ လူတို့အား ရိုက်နှက်ရန်
နွားအမြီးနှင့်တူသောတုတ်များလည်းပါရှိသည်။ (နောက်တစ်အုပ်စုမှာ)
အဝတ်အစားများဝတ်ဆင်ထားသော်လည်း အဝတ်အစားမဝတ်ထားသည့်အလား
ခန္ဓာကိုယ်အစိတ်အပိုင်းများ ပေါ်လွင်နေသောအမျိုးသမီးများ၊ ယောက်ျားလေးများအားမြှူဆွယ်လေ့ရှိသောအမျိုးသမီးများ၊ အခြားသူများအား မိမိတို့ပြုလုပ်လေ့ရှိသည့်မြှူဆွယ်မှုများအားပြုလုပ်လာကြရန် လှုံဆော်ပေးသည့် အမျိုးသမီးများ၊သူမတို့ဦးခေါင်း၏(ဟန်ဆောင်ထေားသော ဆံထုံး)သည် တိမ်းစောင်းနေသော
ကုလားအုပ်၏ဘို့ကဲ့သို့ ဖြစ်သည်။ သူမတို့သည် ဂျန္နသ်သို့ဝင်ခွင့်ရမည်လည်းမဟုတ်။
ဂျန္နသ်၏အနံ့လည်းရမည်မဟုတ်ပေ။ (တဖန်ကိုယ်တော်က မိန့်ကြားတော်မူသည်မှာ)
ဂျန္နသ်၏ရနံ့ကို အလွန်ဝေးကွားသော အကွာအဝေးမှရရှိနိုင်ပေသည်။
[صحيح] [رواه مسلم]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည်
ဂျဟန္နမ်ငရဲဘုံသို့ဝင်ရမည့်လူနှစ်မျိုးအနက်မှ မဖြစ်ကြရန်သတိပေးတားမြစ်တော်မူခဲ့သည်။ ကိုယ်တော်သည် ထိုလူနှစ်မျိုးအား မတွေ့ဘူးခဲ့ပေ။ကိုယ်တော်မြတ်၏ခေတ်တွင်လည်းမရှိပေ။ သို့သော် ထိုလူနှစ်မျိုးသည်မကြာမီပေါ်ထွက်လာလိမ့်မည်။ ပထမတစ်မျိုးမှာ - ၎င်းတို့နှင့်အတူ လူတို့အားရိုက်နှက်ရန် နွားအမြီးနှင့်တူသော ရှည်လျားသောတုတ်များလည်းပါရှိသည်။ ဆိုလိုသည်မှာ

https://sunnah.global/hadeeth/my/show/8903